**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

အမိန့်ကြော်ငြာစာ အမှတ် ( ၇၇ /၂၀၁၈)
ရန်ကုန်၊ ၁၃၈၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃ ရက်)

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့်အညီ မှတ်ပုံတင်အခကြေးငွေ အတွက် နောက်ကျကြေး စတင်ကျင့်သုံးဆောင်ရွက်မည့်နေ့သတ်မှတ်ခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၈) ဖြင့် အောက်ဖော်ပြပါ နောက်ကျကြေးများအား သတ်မှတ်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇၊ ပုဒ်မ ၉၇ အရ နှစ်စဉ်အစီရင်ခံစာ နောက်ကျ ပေးပို့တင်ပြခြင်း။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇၊ ပုဒ်မ ၄၃၀ အရ မှတ်ပုံတင်ခြင်းကို ရပ်ဆိုင်းပြီး နောက် မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီအားပြန်လည် ထိန်းသိမ်းခြင်း။

(ဂ) ပျက်ကွက်မှုကာလအတိုင်းအတာအရ အခြားစာရွက်စာတမ်းတစ်ခုခု၏ နောက်ကျ တင်ပြခြင်း သို့မဟုတ် နောက်ကျပေးပို့တင်ပြခြင်း။

၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇၊ ပုဒ်မ ၁-(ဂ) (၄၂) အရ ကူးပြောင်း ကာလ ၁၂ လ အတွင်း (၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၁၉ ဇူလိုင်လ ၃၁ ရက်နေ့အထိ) အီလက် ထရောနစ် ကုမ္ပဏီ မှတ်ပုံတင်စနစ်အား တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်နှင့်အညီ မှတ်ပုံတင် အကြောင်းအရာ အလိုက် နောက်ကျကြေး သတ်မှတ်ချက်များအား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့မှသာ စတင်၍ ကျင့်သုံး ဆောင်ရွက်မည်ဖြစ်ကြောင်း ဤဦးစီးဌာနသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၄၆၂ (က) နှင့်အညီ ထုတ်ပြန်ကြေငြာလိုက်သည်။

အောင်နိုင်ဦး
ညွှန်ကြားရေးမှူးချုပ်

စာအမှတ် ၊ ရက - ၁၀ / ၁ / ၂၀၁၈ ( ၁၀၀၃၈ )
ရက်စွဲ ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၃ ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(အားလုံး)

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်

ဤဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများအားလုံး

ရုံးလက်ခံ / မျှောစာတွဲ